
# မြော်မြင်ခြင်းသီလရှင်အသင်းဂိုဏ်း၏သမိုင်း Sisters of Providence (SdP)



**မြော်မြင်ခြင်းသီလရှင်အသင်းဂိုဏ်းတည်ထောင်သူ ရဟန္တာလွီးဂျီစခရိုဆော့ပီ**

## အသင်းဂိုဏ်းတည်ထောင်သူနှင့် အီတလီရှိမြော်မြင်ခြင်းသီလရှင်အသင်းဂိုဏ်း၏ သမိုင်းအကျဉ်း

ကျွန်ုပ်တို့၏ မြော်မြင်ခြင်းသီလရှင် အသင်းဂိုဏ်းတည်ထောင်သူ ရဟန္တာလွီးဂျီ စခရိုဆော့ပီ၏ နောက်ခံသမိုင်းကြောင်းကို အကျဉ်းချုပ်တင်ပြလိုပါသည်။

ရဟန္တာလွီးဂျီသည် (၁၈၀၄) ခုနှစ်၊ ဩဂုတ်လ(၄)ရက်နေ့၊ အီတလီမြောက်ပိုင်း ဦးဒီနေမြို့၌ ဖခင်ဒေါ်မဲနီကိုစခရိုဆော့ပီနှင့် မိခင်အန်တောညာလာဇရီးနီတို့မှ မွေးဖွားခဲ့သည့် သားရတနာ (၃) ဦး အနက် အငယ်ဆုံးသားထွေးဖြစ်သည်။ ကက်သလစ်မိသားစုဖြစ် သည့်အတိုင်း မွေးဖွားပြီး နောက်တစ်ရက်တွင် ဆေးကြောခြင်းမင်္ဂလာကို သန့်ရှင်းသောကယ်တင်ရှင်ဘုရားကျောင်းတော်၌ လွီးဂျီဟူသောအမည်ကိုခံယူခဲ့သည်။

ဖခင်ဖြစ်သူ ဒေါ်မဲနီကိုစခရိုဆော့ပီသည် ရတနာကုန်သည်လုပ်ငန်းရှင်ဖြစ်ပြီး ဇနီးဖြစ်သူသည် ဘုရားတရားကြည်ညို၍ အိမ်ထောင်ရှင်မကောင်းတစ်ဦး လည်းဖြစ်ပေသည်။ ၎င်းတို့သည် ဘုရားတရားကိုင်းရှိုင်းပြီး ချစ်ခြင်းမေတ္တာထား တတ်သူများပီပီ မိမိတို့၏ကလေးများကို နှုတ်အားဖြင့် လည်းကောင်း၊ အကျင့်ပုံစံအားဖြင့်လည်းကောင်း၊ ဘုရားကိုသိရန်၊ ဘုရားကို ချစ်မြတ် နိုးတတ်ရန်နှင့် ဆင်းရဲသားများကို ကူညီရိုင်းပင်းရန် လမ်းညွှန်သွန်သင်ပေးခဲ့သည်။

၁၈၁၄ နှင့် ၁၈၁၅ခုနှစ်အတွင်းမိုးခေါင်ရေရှား ကပ်ပါးနှင့်ကြုံတွေ့ခဲ့ရပြီးကောက်ပဲသီးနှံအထွက် တိုးများ လျော့နည်းကာ လူအများ အစာရေစာငတ်မွတ်ခေါင်းပါး မှုဒဏ်ကိုခံစားခဲ့ရသည်။ ထိုအချိန်တွင် အသက်(၁၂)နှစ်သာရှိသေးသော လွီးဂျီသည်ရွယ်တူကလေးများ၏ ဆာလောင်မွတ်သိပ်ခြင်း၊ ဒုက္ခဝေဒနာ ခံစားရခြင်းနှင့် သေဆုံးခြင်းများအပေါ် ကိုယ်ချင်းစာစိတ်၊ ကြင်နာသနားစိတ်များ ဖြစ်ပေါ်လာခဲ့သည်။ ထို့ပြင် ဆင်းရဲသားများကို ပေးကမ်းစွန့်ကြဲခြင်းဖြင့်အလုပ်ရှုပ်နေတတ်သော မိခင်နှင့် အစ်ကိုဖြစ်သူ

ဘုန်းတော်ကြီး ကားရ်လိုတို့၏ပုံရိပ်များသည် သူ၏စိတ်တွင်တစ်ခုခုတောင်းဆိုနေသကဲ့သို့ ခံစားရသည်။ ထိုအချိန်မှစ၍ ဘုရားသခင်က သူ့ကို ရဟန်းဘဝရွေးချယ်ရန် ခေါ်နေပြီဟု ခံစားသိရှိခဲ့ရသည်။

ထို့ကြောင့် ၁၈၂၂ခုနှစ်တွင် လွီးဂျီသည် ကက်သလစ်ဘုန်းတော်ကြီးတစ်ပါး ဖြစ်လို၍ စိန်ဖိလစ်နေရီအသင်းဂိုဏ်းထဲဝင်ရောက်ကာ ပညာဆည်းပူးလေ့လာရင်း အားလပ်သောအချိန်၌ အစ်ကိုဖြစ်သူဘုန်းတော်ကြီးကားရ်လို၏ လုပ်ငန်းများကို ဝိုင်းဝန်း ကူညီပေးခဲ့သည်။

ထို့နောက် ၁၈၂၇ခုနှစ်၊ မတ်လ(၃၁)ရက်နေ့ ရဟန်းသိက္ခာခံယူခဲ့ပြီး ဆင်းရဲဒုက္ခ ဝေဒနာ ခံစားနေရသည့် အနိမ့်ကျဆုံးသော ညီအစ်ကိုမောင်နှမများကို အစေခံရန်အတွက် ကရူးစူးတံကျင် ပေါ်တွင် အသက်စွန့်ခဲ့သောယေဇူးနှင့် တစ်လုံးတစ်ဝတည်းပေါင်းစပ်ကာ မိမိဘဝကို အပ်နှံခဲ့သည်။ များစွာသောကရုဏာလုပ်ငန်းများကို အခက်အခဲများစွာထဲမှ ကြိုးစားလုပ်ဆောင်ခဲ့ရင်း ၁၈၃၇ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့တွင် အီတလီနိုင်ငံ မြောက်ပိုင်း ဦးဒီနေမြို့တွင် မြော်မြင်ခြင်းသီလရှင်အသင်း ဂိုဏ်းကို စတင်တည်ထောင်ပြီး အသင်းဂိုဏ်းကို ကာကွယ်စောင့်ရှောက်သူအဖြစ် ရဟန္တာဂိုင်တားနိုအား ယုံကြည် အားကိုးဆုတောင်းခဲ့ပါသည်။

စစ်တွင်းကာလဖြစ်နေသဖြင့် မိဘမဲ့ကလေးများ ပိုမိုများပြားလာခြင်း၊ စစ်ဒဏ်ကြောင့် ဒုက္ခသည် များအစားအစာရှားပါးပြီး ခိုနားစရာနေအိမ်များလုံးလောက်စွာမရှိခြင်းနှင့် ဆေးရုံ၌ လူနာများ၊ သက်ကြီး ရွယ်အိုများကို ကူညီမည့်သူကင်းမဲ့နေခြင်း၊ ဘုရားအကြောင်းဟောကြားမည့်သူများ နည်းပါးလာခြင်း စသည့်အခက်အခဲမျိုးစုံကို ကူညီစေရန်ရည်ရွယ်လျက် ဘုန်းတော်ကြီးလွီးဂျီသည် မြော်မြင်ခြင်းသီလရှင် အသင်း ဂိုဏ်းကို တည်ထောင်ခဲ့ရခြင်းဖြစ်သည်။

ဘုန်းတော်ကြီး လွီးဂျီနှင့် သီလရှင်များသည် ဗက်သလင်မြို့ နွားစားခွက်၌ မွေးဖွားခဲ့သော ယေဇူး သူငယ်တော်၏ ဆင်းရဲခြင်းနှင့် နှိမ့်ချခြင်း၊ နာဇရက်မြို့တွင် မိမိလုပ်အားဖြင့် ဘဝကိုတည်ထောင်ခဲ့သော ရိုးသားဖြောင့်မတ်ခြင်းနှင့်နာခံခြင်း၊ ကာရ်ဝါရီတောင်ပေါ်၌ မိမိကိုယ်ကို ဆက်ကပ်ပူဇော်ခဲ့ခြင်း၊ ကိုယ်တော်မြတ်ဗိမာန်တော်တွင် ဆိတ်ငြိမ်စွာရှိသော ယေဇူးသခင်၏ ပါရမီများကို ချစ်မြတ်နိုးစွာဖြင့် အတုယူဆည်းပူးခဲ့ကြသည်။ ထို့ပြင် ကိုယ်တော်မြတ်စက္ကရမင်တူးကို အသင်းဂိုဏ်း၏ ပင်မသွေးကြော သဖွယ်လည်း အားကိုးရှင်သန်ခဲ့ကြပါသည်။

## အသင်းဂိုဏ်းကိုတည်ထောင်သူစိန်လွီးဂျီစခရောဆောပီ

မြော်မြင်ခြင်းသီလရှင်အသင်းဂိုဏ်းသည် ၁၈၃၇ခုနှစ် ၊ဖေဖော်ဝါရီ (၁)ရက် အီတလီမြောက်ပိုင်း ဦးဒီနယ်မြို့တွင် စိန်လွီးဂျီစခရောဆောပီ မှတည်ထောင်ပြီး စိန်ဂိုင်တားနို မှိုင်းမစောင့်ရှောက်မှု အောက်ရှိ ရဟန်းမင်းကြီး အခွင့်အာဏာရ သီလရှင်ဂိုင်းတစ်ဂိုဏ်းဖြစ်သည်။

၁၈၃၇ခုနှစ်၊ ဖေဖော်ဝါရီ (၁)ရက် ညနေတွင် အမျိုးသမီး (၉) ဦးတို့သည် စိန်လွီးဂျီ ရှေ့မျက်မှောက်၌ ဖြူစင်ခြင်း၊ နားထောင်ခြင်း၊ ဆင်းရဲခြင်း ကတိသစ္စာ ၃ပါးကိုခံယူကာ မိမိ ပိုင်ဆိုင်သောလက်ဝတ် ရတနာများကို ဆင်းရဲသားများအတွက်ပေးအပ်ပြီး ဘဝတစ်ခုလုံးကို ဘုရားရှင်ထံ အပ်နှံပူဇော်ခဲ့သည်။

## အသင်းဂိုဏ်း၏လုပ်ဆောင်ချက် Carsim

၁) ကလေးများကိုပြုစုစောက်ရှောက်ခြင်းအားဖြင့် လူငယ်များအတွက် အထူးသဖြင့် ချို့တက်သောလူငယ်များ၏ပညာရေးကို ပြုစုပျိုးထောင်ပေးခြင်း။
၂) နာမကျန်းသူများနှင့် သက်ကြီးရွယ်အိုများအား ပြုစုစောကင့်ရှောက်ခြင်း၊
၃) သာသနာပြုခြင်းနှင့် ဧဝံဂေလိသတင်းကိုဟောကြားယင်း တမန်တော်လုပ်ငန်း၌ ပါဝင်ဆောင်ရွက်ခြင်းဖြင့် သာသနာပြန့်ပွားရေးကဏ္ဍတွင် ပါဝင်သည်။

မြော်မြင်ခြင်းသီလရှင်များ အသင်းဂိုဏ်းတည်ထောင်သူ၏ ရည်ရွယ်ချက်ကို လုပ်ဆောင်ရာ၌ မျက်မှောက်ပြု ကျင့်ဆောင်ရမည့် အချက်များမှာ

**အတုယူပြုကျင့်ခြင်း**

× ဘက်သလင်မြို့မှ ဆင်းရဲစွာမွေးဖွားသော သခင်ယေဇူး
× နာဇရက်မြို့နေအိမ်မှနာခံခြင်းနှင့် လုံ့လဝီရိယရှိသော သခင်ယေဇူး
× အစေခံ၍ ဒုက္ခခံပြီးအစေခံခဲ့သောသခင်ယေဇူး
×ကိုယ်တော်မြတ်စက္ကရမင်းတူးတွင် အစဉ်တည်ရှိနေသောသခင်ယေဇူး တို့ဖြစ်သည်။

**အသင်းဂိုဏ်း၏ဆောင်ပုဒ်**

***မေတ္တာကရုဏာ၊ မေတ္တာကရုဏာ ဝိညာဉ်များကိုကယ်တင်ပါ။*** ဝိညာဉ်များကိုမေတ္တာကရုဏာရှေ့ထားပြီးကယ်တင်လိုက်ပါ။
မျှော်မြင်ခြင်းသီလရှင်တစ်ပါး၌ ရှိသင့်သောစိတ်နေသဘောထား. . **မိခင်ကောင်း၊ ဆရာကောင်း၊ သိုးထိန်းကောင်း။**

## အသင်းဂိုဏ်း၏လိုဂို Logo

♦ လိုဂိုတွေပါရှိသောကရူးစူးသည် ခရစ်တော်သခင်ကိုပုံတုယူလိုက်နာကျင့်ခြင်း၊

♦ နှလုံးသားပုံသည် ချစ်ခြင်းမေတ္တာတရားကိုအခြေခံ ခြင်း၊

♦ မီးလျှံပုံသည် ယဇ်ပလင်(သို့)ဗိမာန်တော်၌ထွန်းညှိထားသောဆီမီးခွက်ကဲ့သို့ အစဉ်တောက်လောင်ခြင်း၊

♦ သံလွင်ခက်သည် ငြိမ်းချမ်းသာယာခြင်း တို့ကို အသီးသီးကိုယ်စားပြုထားပါသည်။

## မြော်မြင်ခြင်းသီလရှင်တစ်ပါးဖြစ်ရန် တက်လှမ်းရမည့်အဆင့်ဆင့်



❖ **ဝင်လိုသူကျောင်းသူအဆင့်**။-ဝင်လိုသူကျောင်းသူတစ်ဦးသည် အနည်းဆုံး တက္ကသိုလ် ဝင် စာမေးပွဲ အောင်မြင်သူဖြစ်ရမည်။

❖ ကက်သလစ်ခရစ်ယာန်ဖြစ်ရမည်။

❖ ကျန်းမာရေးအတော်အသင့်ကောင်းမွန်ရမည်။

❖ ရိုးသားပြီး၊ဘုရားတရားကိုင်းရှိုင်းခြင်း ဆုတောင်းခြင်းအမှုကို နှစ်လိုသူဖြစ်ရမည်။



❖ **တောင်းခံသူအဆင့်။** -ကက်သလစ်ခရစ်ယာန်တို့၏ ဘဝအသက်တာအကြောင်းကို (၆)လမှ (၁)နှစ် အထိ လေ့လာသင်ယူရမည်။

**သီလရှင်လောင်းပထမအဆင့်။** ပထမနှစ်တွင် အသင်းဂိုဏ်း၏ဝိနည်း၊ ဘုရားစကား၊ ဧဝံဂေလိကျမ်းနှင့် ကတိသစ္စာ(၃)ပါး အကြောင်း၊ အသင်းဂိုဏ်း၏အခြေခံသဘောတရားများကို သင်ယူရပါမည်။

**သီလရှင်လောင်းဒုတိယအဆင့်။** ဒုတိယနှစ်တွင် ဘုရားစကားများနှင့် ကျမ်းစာတော်မြတ်ကိုလေ့လာဆည်းပူးခြင်း၊ ထို့ နောက် အစမ်း (၆)လ တွင် ကွင်းဆင်းလေ့လာခြင်း၊ တိုင်းရင်းသားစာပေ၊ စကားတို့ကိုလေ့လာခြင်း၊ ၄င်းနောက် သီလရှင်ဘဝကိုတက်လှမ်းပြီး၊ ယာယီသစ္စာရှင်အဖြစ် (၆)နှစ် ပြည့်လျှင် မိမိဘဝကို ထာဝရ ဆက်ကပ် အပ်နှံ မည့် တစ်သက်သစ္စာခံယူပြီးသော သီလရှင်ဘဝကိုပိုင်ဆိုင်မည်ဖြစ်သည်။





## မြန်မာနိုင်ငံရှိ သီလရှင်များ

မြန်မာနိုင်ငံအတွင်း မြော်မြင်ခြင်းသီလရှင်တို့ သာသနာ့အမှုတော် ထမ်းဆောင်နေကြသော သာသနာများမှာ ကျိုင်းတုံသာသနာ၊ တောင်ကြီးသာသနာနှင့် ရန်ကုန်သာသနာတို့ဖြစ်ပါသည်။

မြန်မာပြည်၌ မြော်မြင်ခြင်းသီလရှင် ပေါင်း (၇၀) ပါးရှိပါသည်။





## အသင်းဂိုဏ်းကျင့်စဉ်

အသင်းဂိုဏ်းတည်ထောင်သူစိန့်လွီးဂျီသည်
မြော်မြင်ခြင်းသီလရှင်များ မည်သည့်
သာသနာပြု လုပ်ငန်းတွင် မဆို အမြဲ
ကျင့်ကြံ သက်သေခံရမည့်ထူးခြားသော
အပြုအမူ (၃) မျိုး မှာ

မိခင်ကောင်း
ဆရာကောင်း
သိုးထိန်းကောင်း ပင်ဖြစ်သည်။



မြော်မြင်ခြင်းသီလရှင်များသည် သူတော်မြတ်လွီးဂျီ သွန်သင်ပြသခဲ့သည့်အတိုင်း ဘုရားသခင်ထံ ယုံကြည်မှု အပြည့်ဖြင့် အားကိုးအားထားခြင်း၊ ဆင်းရဲသားကလေးသူငယ်များ၊ နာမကျန်းဖြစ်သူများနှင့် သက်ကြီးရွယ်အိုများအားလုံးကို လူမျိုး ဘာသာမရွေး၊ ဆင်းရဲချမ်းသာ အဆင့်အတန်းမခွဲခြား ပဲ အကူအညီ ပေးခြင်းဖြင့် ချစ်ခြင်းမေတ္တာ သတင်းကောင်းကို မိမိတို့ဘဝဖြင့် ဆက်ကပ်ပြသနေကြပါသည်။

ဥရောပတိုက်မှ အီတလီ၊ ရိုမေးနီးယား၊ အာဖရိကတိုက်ရှိ တိုဂိုအချို့နိုင်ငံများ၊ မြောက်အမေရိကတိုက် ဘရာဇီး၊ဥရုဂွေး၊ ဘိုလီဗီးယား၊ အာရှတိုက် မြန်မာ၊ ထိုင်း၊ အိန္ဒိယ၊ ဖိလိပိုင်နိုင်ငံတို့တွင် သူတော်သူမြတ်လွီးဂျီ၏ လုပ်ဆောင်ချက်များကို မြော်မြင်ခြင်းသီလရှင်များက နေ့စဉ်နှင့်အမျှ နှိမ့်ချခြင်းဖြင့် ဆက်လက်အကောင်အထည်ဆောင်ရွက်နေ ကြပါသည်။